ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန
ကလေးတက္ကသိုလ်
(ယာယီတက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ)
ကြေညာချက်အမှတ်(၁၉/၂၀၂၁)

ရက်စွဲ။ ဒီဇင်ဘာလ ၁၇ ရက်၊၂၀၂၁ ခုနှစ်

# ကလေးတက္ကသိုလ်ရှိ CDM ပြည်သူ့ဝန်ထမ်းများထံ တတိယအကြိမ်ထောက်ပံ့ချီးမြှင့်ကြောင်းကြေညာခြင်း

၁။ ကလေးတက္ကသိုလ်ရှိ CDM ပြည်သူ့ဝန်ထမ်းများကို ၂၀၂၁ခုနှစ် ဇွန်လတွင် ပထမအကြိမ် ထောက်ပံ့နိုင်ခဲ့ပါသည်။ ဒုတိယအကြိမ်ကို ဩဂုတ်လတွင် ထောက်ပံ့ရန် လျာထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖျက်သိမ်းခဲ့ရပါသည်။ သို့သော် Kalay University CDM Support Team (KUCST) အနေဖြင့် CDM သူရဲကောင်းများကို ဆက်လက်ထောက်ပံ့နိုင်ရန် အရှိန်အဟုန်ကြိုးစားခဲ့ရပါသည်။ ဘာသာရပ်အလိုက် CDM အထောက်အကူပြုအဖွဲ့များ၊ ပြည်ပရောက်ကျောင်းသားဟောင်းများ နှင့် ပြည်တွင်းပြည်ပမှ အလှူရှင်မိဘပြည်သူများမှ ပူးပေါင်းပါဝင်ပေးမှုကြောင့် တတိယအကြိမ် ထောက်ပံ့နိုင်ခဲ့ပြီးဖြစ်ပါသည်။

၂။ တတိယအကြိမ် CDM ထောက်ပံ့မှုစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ်။ | အကြောင်းအရာ | ဝန်ထမ်း အရေအတွက် | တစ်ဦးချင်း ထောက်ပံ့ငွေ | စုစုပေါင်း ထောက်ပံ့ငွေ | မှတ် ချက် |
|---|---|---|---|---|---|
| ၁။ | သင်ကြားရေးဌာနမှ CDM ပြည်သူ့ဝန်ထမ်းဆရာ/မများ (အရာထမ်း+အမှုထမ်းများ) | ၅၁ ဦး | ၃၀,၀၀၀ကျပ် | ၁,၅၃၀,၀၀၀ကျပ် | |
| ၂။ | မြန်မာစာဌာနမှ ကိုယ်ဝန်ဆောင် ဆရာမ | ၁ ဦး | ၅၀,၀၀၀ကျပ် | ၅၀,၀၀၀ကျပ် | |
| | စုစုပေါင်း | ၅၂ ဦး | | ၁,၅၈၀,၀၀၀ကျပ် | |

၃။ CDM ထောက်ပံ့မှုတွင် ပါဝင်လှူဒါန်းပေးကြသော ကျောင်းသားပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အလှူရှင်တစ်ဦးချင်းစီအား Kalay University CDM Support Team (KUCST)အနေနှင့်ကျေးဇူးတင်ရှိပါသည်။ စတုတ္ထအကြိမ် CDM ထောက်ပံ့မှုတွင်လည်း ဆက်လက် ပါဝင်ပေးကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**" ပြည်သူသာလျှင်....ပဓာန"**

**"အရေးတော်ပုံ....မုချအောင်ရမည်"**

ယာယီတက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ

ကလေးတက္ကသိုလ်

မိတ္တူကို

- ပညာရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ။
- ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ။
- စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားပြုကော်မတီ။
- ရုံးလက်ခံ /မျှော။

ဖြန့်ဝေခြင်း

- ဘာသာရပ်အလိုက် CDM အထောက်အကူပြုအဖွဲ့များ။
- CDM ပြည်သူ့ဝန်ထမ်းများ၊ ကလေးတက္ကသိုလ်။
- ကလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ကလ.တ.က.သ)